# စော်ဝကျေးရွာ

# ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

# တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စော်ဝကျေးရွာ၊ ထားဝယ်မြို့နယ်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **စော်ဝကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၅ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၅ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၅ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၅ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၅ |
| | (ခ)  မွေးမြူရေးလုပ်ငန်း | ၆ |
| | (ဂ)  ငါးလုပ်ငန်း | ၆ |
| | (ဃ)  စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၆ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၆ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၇ |
| | (က)  ကျေးလက် သယ်ယူပို့ဆောင်ရေး | ၇ |
| | (ခ)  ကျေးရွာ မီးလင်းရေး | ၇ |
| | (ဂ)  သတင်းနှင့် ဆက်သွယ်ရေး | ၇ |
| ၆။ | **ပညာရေး** | ၇ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၈ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၉ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၀ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၁ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၂ |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၄၈ |
| | **နောက်ဆက်တွဲ** (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၁ |
| | **နောက်ဆက်တွဲ** (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၃ |
| | **နောက်ဆက်တွဲ** (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၅၅ |
| | **နောက်ဆက်တွဲ** (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၄) | ၅၇ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ

ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၆**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**စော်ဝကျေးရွာ**

**ထားဝယ်မြို့နယ်**

# စော်ဝကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

စော်ဝကျေးရွာသည် ရှင်မုတ္တီးကျေးရွာအုပ်စု၊ ထားဝယ်မြို့နယ်တွင် ပါဝင်ပြီး ထားဝယ်-မြိတ် ကားလမ်းပေါ်တွင် တည်ရှိပါသည်။ ကျေးရွာသည် အုပ်ချုပ်ရေးရုံးစိုက်ရာ ထားဝယ်မြို့နှင့် သွားလာရလွယ်ကူပြီး ပေါက်တိုင်းချောင်း နံဘေးတွင် တည်ရှိပါသည်။ စော်ဝကျေးရွာသည် ထားဝယ်မြို့နှင့် (၇) မိုင်ခန့် ကွာဝေးပြီး သွားလာရ လွယ်ကူပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

စော်ဝကျေးရွာသည် ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ ၈၀ မှ ၁၀၀ ဝန်းကျင် တွင်ရှိပြီး ကုန်းတွင်းပိုင်းတွင် တည်ရှိသဖြင့် ဆားငန်ရေဝင်ရောက်မှု အနည်းငယ်ရှိပါသည်။ သဲ၊ ကျောက်များ ရရှိနိုင်သော်လည်း ငွေကြေးမတတ်နိုင်သဖြင့် ကိုယ်ပိုင်ထုတ်လုပ် ရောင်းချနိုင်သည့်အထိ မဆောင်ရွက်နိုင်ပါ။ တခါတရံ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီး ရေလျှံမှုများ ကြုံတွေ့နေရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

စော်ဝ**ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဂေါပကအဖွဲ့၊ သာရေးနာရေး၊ အရန်မီးသတ်အဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့များသည် ကျေးရွာ၏ သာရေးနာရေး ကိစ္စရပ်များကို အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ သက်ကြီးရွယ်အို စောင့်ရှောက်ရေး အဖွဲ့သည် ရပ်ရွာအတွင်း ကူညီစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုအဘိုး၊ အဘွားများအား အစားအစာနှင့် ဆေးဝါးများ ထောက်ပံ့ပေးလေ့ရှိပါသည်။**

**စော်ဝကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများအနေဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အဖွဲ့တစ်ခုသာလျှင် ရပ်ရွာရှိသက်ကြီးရွယ်အိုများကို စားသောက်ကုန်ပစ္စည်းများနှင့် ဆေးဝါး များ ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။**

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာ၏သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကို အသုံးပြုကြသည်။ အသုံးပြုသော ယာဉ်များမှာ စက်ဘီး (၁၂၀)စီး၊ မော်တော်ဆိုင်ကယ်(၂၃၆)စီး၊ သုံးဘီးဆိုင်ကယ် ထော်လာဂျီ(၆)စီးနှင့် ကား(၁၁) စီးရှိပါသည်။ စက်လှေငယ်၊ လှေငယ်များကိုမူ လုပ်ငန်းအတွက်သာ အသုံးပြုကြသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

စော်ဝကျေးရွာတွင် နွားမွေးသည့်အိမ်ထောင်စု(၁)စုရှိသည်။ ကြက်မွေးမြူရေးနှင့် ဘဲမွေးမြူသည့်အိမ်ထောင်စုများလည်းရှိသည်။ တခြားတိရစ္ဆာန်မွေးမြူခြင်းမရှိပါ။ ငါးမွေးမြူရေးလုပ်ကိုင်သူများလည်းမရှိပါ။ စော်ဝကျေးရွာတွင် မွေးမြူရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ချေးငွေရရှိပါသည်။ ချေးငွေရရှိနိုင်မှုမှာ လုံလောက်မှုမရှိပါ။ သွင်းအားစုလက်လှမ်းမီခြင်း၊ ထုတ်ကုန်ရောင်းဝယ်မှု လက်လှမ်းမီခြင်းတို့သည် မွေးမြူရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။ စော်ဝကျေးရွာတွင် မွေးမြူရေးလုပ်ငန်းတိုးတက်ရန် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် လိုအပ်နေဆဲဖြစ်သည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ချင်သော်လည်း ရောဂါကာကွယ်ကုသနည်းများ သေချာစွာနားမလည်ခြင်း ၊ ငွေအရင်းအနှီး လုံလောက်မှုမရှိခြင်း စသည်တို့သည် မွေးမြူရေးအတွက် အဟန့်အတား ဖြစ်စေပါသည်။

## (ဂ) ငါးလုပ်ငန်း

စော်ဝကျေးရွာမှ အိမ်ထောင်စုများသည် နွား၊ ကြက်နှင့် ဘဲ မွေးမြူရေးလုပ်ငန်းကိုသာ အဓိက အားထား လုပ်ကိုင်ကြသောကြောင့် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများ မရှိပါ။

## (ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စော်ဝကျေးရွာအတွင်းရှိ အခြားဝင်ငွေရ လုပ်ငန်းများတွင် ကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စု နည်းပါးပြီး အလုပ်သမားဝန်ထမ်းအနေဖြင့် လုပ်ကိုင်သူ ပိုမိုများပြားပါသည်။ စော်ဝကျေးရွာတွင် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန်နည်းပညာမရှိခြင်း၊ မိရိုးဖလာ ကျပန်းအလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ ဖြစ်နေပါသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စော်ဝကျေးရွာတွင် ချေးငွေအားဖြင့် စိုက်ဘဏ်၊ မြစိမ်းရောင်၊ သမဝါယမချေးငွေများ ရရှိပါသည်။ စိုက်ဘဏ်သည် စိုက်ပျိုးရေးသမားများကို ထုတ်ချေးသော ချေးငွေဖြစ်ပြီး ပုံစံ(၇)ရှိမှသာ ချေးငွေကို ရရှိပါသည်။ မြစိမ်းရောင်ချေးငွေသည် ငါးလုပ်ငန်းဦးစီးဌာနမှ ချေးသောချေးငွေဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁) ကျပ်ဖြစ်ပြီး အာမခံ(၂)ယောက် လိုအပ်ပါသည်။ အာမခံမရှိလျှင်ချေးငွေရရှိရန် ခက်ခဲပါသည်။ အတိုးနှုန်းသက်သာသော ချေးငွေများကို နှစ်ရှည်ထုတ်ချေးမည်ဆိုပါက လယ်သမားအနေဖြင့် ပိုမိုအကျိုးရှိလာမည် ဖြစ်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကို အသုံးပြုကြသည်။ အသုံးပြုသောယာဉ်များမှာ စက်ဘီး (၁၂၀)စီး၊ မော်တော်ဆိုင်ကယ်(၂၃၆)စီး၊ သုံးဘီးဆိုင်ကယ် ထော်လာဂျီ (၆) စီးနှင့် ကား (၁၁) စီး ရှိပါသည်။ စက်လှေငယ်၊ လှေငယ်များကိုမူ လုပ်ငန်းအတွက်သာ အသုံးပြုကြသည်။ ကျေးရွာအတွင်းရှိ လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ထို့ကြောင့် ရွာတွင်းလမ်းများအား အဆင့်မြင့် တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစေလိုပါသည်။ ကျေးရွာတွင် ကွန်ကရစ်တံတား (၁) စင်းရှိပါသည်။ တံတားမှာ သွားလာရကောင်းမွန်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ကျေးရဦူအတွင်းရှိ လမ်းများတွင် မိုးရာသီ၌ ရေကြီးရေလျှံမှုများကြောင့် မြောင်းများသဖွယ် ဖြစ်ပေါ်လမ်းများ ပျက်စီးမှုရှိပါသည်။ ထို့ကြောင့် ထိုလမ်းများပေါ်တွင် ရေပြွန်များ ပြုလုပ်လိုပါသည်။ ကျေးရွာတွင် ကုန်းလမ်းပို့ဆောင်ရေးကိုသာ အဓိကထား အသုံးပြုပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် ဓါတ်အားလိုင်းသုံးစွဲသည့် အိမ်ထောင်စု(၂၁၈)စုရှိပါသည်။ ဓါတ်အားလိုင်း မကြာခဏ ပြတ်တောက်ခြင်း အခက်အခဲရှိပါသည်။ ဓါတ်အားလိုင်း မသုံးစွဲနိုင်သည့် အိမ်ထောင်စုများမှာ ဖယောင်းတိုင်မီး၊ ရေနံဆီမီးများကို သုံးစွဲနေရဆဲဖြစ်သည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မည်သည့်ဖုန်းလိုင်းမဆို ဆက်သွယ်အသုံးပြုနိုင်ပါသည်။

## ၆။ ပညာရေး

**စော်ဝကျေးရွာတွင် အလျား ၁၂၀ပေ၊ အနံ ၃၀ပေအရွယ်ရှိသော မူလတန်းရှိပါသည်။ ကျောင်းဆောင်မှာ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းထားပါသည်။ ကျောင်းသုံးပရိဘောဂမှာ လုံလောက်မှု မရှိပါ။ ကျောင်းသုံးအိမ်သာမှာ နှစ်လုံးရှိပါသည်။ အိမ်သာတစ်လုံးမှာ ပျက်ဆီးနေပါသဖြင့် ပြန်လည်ပြုပြင်နိုင်မှသာ ကျောင်းသူ/သားများအတွက် လုံလောက်မည် ဖြစ်ပါသည်။ ကျောင်းတွင် ဘီဒို(၂)လုံးနှင့်** White Board **(၁)ချပ်လိုအပ်နေပါသည်။ ကျေးရွာတွင် အလယ်တန်း ကျောင်းမရှိ၍ တခြားရွာသို့သွားရောက်သင်ယူရပါသည်။ (၁)မိုင်ကွာဝေးသည့် ရှင်မုတ္တီးရွာသို့လည်းကောင်း၊ (၂)မိုင်ကွာဝေးသည့် ညောင်ဇင် ရွာသို့လည်းကောင်း၊ (၇)မိုင် ကွာဝေးသည့် ထားဝယ်မြို့သို့လည်းကောင်း သွားရောက်၍ လေ့လာသင်ယူ ရပါသည်။**

**စော်ဝကျေးရွာ၏ပညာရေးနှင့် စာတတ်မြောက်မှုမှာ ရာခိုင်နှုန်းမှာ ၉၇%ခန့်ရှိပါသည်။ ဘွဲ့ရသူဦးရေ (၄၂)ဦးအထိ ရှိနေပြီဖြစ်ပါသည်။မူလတန်းကျောင်းတက်နှုန်းမှာ ၁၇၄.၅% ရှိပါသည်။ ၁၀၀%တက်ရောက်နေရခြင်းမှာ ၉ နှစ်ကျော်မှ မူလတန်းကျောင်းတက်ရခြင်းကြောင့် ဖြစ်ပါသည်။ အလယ်တန်းကျောင်းတက်နှုန်းမှာ ၄၅.၅%ရှိပါသည်။ လူဦးရေ၏ တစ်ဝက်လောက် နီးပါးရှိပါသည်။ စုစုပေါင်းလူဦးရေ ၁၃၄၃ဦးထဲမှ ကျောင်းနေရွယ် လူဦးရေ ၂၀၃ ဦးသာ ရှိပါသည်။ ကျောင်းနေရွယ်လူဦးရေ(၆)ပုံလောက်သာရှိပါသည်။ စော်ဝကျေးရွာတွင် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့် အတွက် ဆင်းရဲသော မိသားစုများလည်း အနည်းဆုံး မူလတန်းပညာကို သင်ယူ ခွင့်ရကြပါသည်။ ကျောင်းဆရာ/မ လုံလောက်မှုရှိပြီး တပည့်ဆရာအချိုးညီပါသည်။ မူလတန်းပညာ ကျောင်းထွက်နှုန်း နိမ့်ပါသည်။ ဆင်းရဲသော မိသားစု များအတွက် ကျောင်းစရိတ်ထောက်ပံ့မှုများ ရှိပါသည်။ အားကစားဆိုင်ရာပစ္စည်းများအား လက်လှမ်းမီမှုရှိပါသည်။**

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

စော်ဝကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများသည် ရာသီပြောင်းကာလများတွင် ဖြစ်လေ့ရှိပါသည်။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ အဖြစ်များပါသည်။ အခြားရောဂါများ အထွေထွေထူးထူးဖြစ်လေ့မရှိပါ။ ကျေးရွာအတွင်း ကျန်းမာရေးဌာနခွဲမရှိပါ။ (၁)ဖာလုံကွာဝေးသော ရှင်မုတ္ထီး ကျေးရွာတွင် သွားရောက်ပြသကြရပါသည်။ စော်ဝကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ ကာကွယ်ဆေးများကို တခြားရွာတွင် ပုံမှန်သွားရောက်ထိုးနှံလေ့ရှိပါသည်။စော်ဝကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ သာမန်ဖျားနာရေးကိစ္စများကို ကျေးရွာအတွင်းရှိ သူနာပြုဆရာမထံ သွားရောက်ပြသကြပါသည်။ (၁)ဖာလုံကွာဝေးသော ရှင်မုတ္ထီးရွာတွင်လည်း သွားရောက်ကုသကြပါသည်။ အရေးပေါ် အခြေအနေနှင့် ပြင်းထန်သောရောဂါဖြစ်ပွားပါက (၇) မိုင်ခန့်ကွာ ဝေးသော ထားဝယ်မြို့နယ်ဆေးရုံကြီးသို့ သွားရောက်ကြပါသည်။ စော်ဝကျေးရွာရှိ အိမ်ထောင်စုအများစုမှာ ရေတွင်းများရှိပြီး ရေရရှိမှု အဆင်ပြေပါသည်။ တချို့အိမ်ထောင်စုများသည် ရေတွင်း ရှိသည့် အိမ်များမှ တွင်းရေကို ခပ်ယူသုံးစွဲကြသည်။ အရင်နှစ်များက ရေရရှိမှုအခက်အခဲရှိသော်လည်း ယခုအချိန်တွင် အတော်အသင့် အဆင်ပြေနေပြီ ဖြစ်ပါသည်။ ယင်လုံ အိမ်သာသုံးစွဲသောအိမ်ထောင်စု (၂၀၆)အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာဆောက်လုပ်ရာတွင် ကုန်ကျစရိတ်များပြားမှုကြောင့် မဆောက်နိုင်ကြဘဲ ကျင်းအိမ်သာ၊ မြေပေါ်အိမ်သာနှင့် တောထိုင်ခြင်းများ ပြုလုပ်ကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့

ယင်လုံအိမ်သာဆောက်လုပ်ကြရန်နှင့် ကျန်းမာရေးအသိပညာဟောပြောပွဲများပြုလုပ်ပေးရန် အဓိကကျသည်ကို သုံးသပ်ဆွေးနွေးကြပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**စော်ဝကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ် ၆၀ နှစ်နှင့် အထက် ကျား (၁) ဦး၊ မ (၄) ဦးနှင့် မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် ကျား(၁)၊ မ(၁)ရှိပါသည်။ မိသားစုစောင့်ရှောက်မှုမရှိသူများကို ရွာသူ/သားများကလည်း ကြည့်ရှုစောင့်ရှောက်ပေးပြီး ပြင်ပအဖွဲ့အစည်းများကလည်း ထောက်ပံ့ပေးမှုများ ရှိပါသည်။ စော်ဝကျေးရွာ၏ထိခိုက်မှုများရှိလာသောအခါ လယ်သမားများ၊ လယ်များတွင် အငှားလိုက် သူများသာ ပို၍ထိခိုက်မှုများပါးသည်။ လယ်မြေများတွင် ဆားငန်ရေ ဝင်ရောက်မှုများ ရှိပါ သည်။ တခါတရံ မီးဘေးအန္တရာယ်များ ကြုံတွေ့ရပါသည်။ မီးဘေး ကြုံတွေ့ရသောအခါ ဥယျာဉ်ခြံပိုင်ရှင်များသာ ထိခိုက်မှုများပါသည်။ စော်ဝကျေးရွာတွင် မွေးမြူရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ချေးငွေရရှိပါသည်။ ချေးငွေရရှိနိုင်မှုမှာ လုံလောက်မှုမရှိပါ။ သွင်းအားစုလက်လှမ်းမီခြင်း၊ ထုတ်ကုန်ရောင်းဝယ်မှု လက်လှမ်းမီခြင်းတို့သည် မွေးမြူရေး အတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။စော်ဝကျေးရွာတွင် ဖျက်ပိုးနှင့် ရောဂါကာကွယ် ထိန်းချုပ်နိုင်စွမ်းမရှိခြင်း၊ မြေဆီဩဇာပျက်ဆီးလာခြင်း၊ ရေရင်းမြစ်ရှားပါးခြင်း စသည့် အခက်အခဲများရှိပါသည်။ စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်း၊ ချိုင့်ထဲစနစ်တကျ စွန့်ပစ်ခြင်း စသည့်အလေ့အကျင့်များရှိသော်လည်း တရွာလုံးနီးပါးပါဝင်ပြီး စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်များ မရှိပါ။**

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာ၏စီမံခန့်ခွဲရေးစနစ် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှု ရှိသော်လည်း အားနည်းနေပါသေးသည်။ ကျေးရွာတွင် သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများ ဖြစ်လေ့မရှိပါ။ သို့သော် အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရား မျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှု အားနည်းနေသေးသဖြင့် ဟောပြော ဆွေးနွေးပွဲများ ပြုလုပ်ပေးစေလိုပါသည်။စော်ဝကျေးရွာတွင် အများအားဖြင့် လယ်ယာ လုပ်ငန်း၊ ပန်းရံလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြသူများ ပေါများပါသည်။ ကျား-မလုပ်အားခနှိုင်းယှဉ်လျှင် ကျားလုပ်အားခက အနည်းငယ်ပိုများပါသည်။ စော်ဝကျေးရွာတွင် အိမ်ထောင်စု (၂၄၆)စုရှိပြီး လူဦးရေစုစုပေါင်း (၁၃၄၃) ဦးရှိပါသည်။ အသက် (၁၅ နှစ် အထက်မှ ၆၀ နှစ် အထိ) အလုပ်လုပ်နိုင်သည့်အရွယ် ( ၆၉%)ခန့်ရှိပြီး (၁၅)နှစ် အောက် လူဦးရေနှင့် အသက် (၆၀)နှစ်အထက် လူဦးရေ (၃၁%)ခန့်သည် မှီခိုသူများဖြစ်ကြပါသည်။

တစ်အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ ၅.၄၆ ဦးရှိသဖြင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင် (၅) ဦး နှုန်းထက်ပိုနေပါသည်။ ထို့အပြင် အလုပ်လုပ်နိုင်အောင် လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအပြင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ရှင်မုတ္တီး | | | ကျေးရွာအမည် - စော်ဝ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာလယ်တောင်ပေါ်ဘုရားလမ်းအား ကွန်ကရစ်ခင်းခြင်း (၈၃၀' ×၁၂' × ၆" ) နှင့် လမ်းဘေးဝဲယာရေမြောင်းတူးဖော်ခြင်း | |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကမ်းနားလမ်း ကွန်ကရစ်လမ်းခင်းခြင်း (၁၇၅၀' × ၁၂' × ၆" ) နှင့် လမ်းဘေးဝဲယာရေမြောင်းတူးဖော်ခြင်း | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ပရှူးကျောက်ဘုရားနှင့် ရွှေဂူတောင်ဘုရားအကြား ကွန်ကရစ်ခင်းခြင်း (၉၀၀' × ၁၀' × ၆" ) နှင့် လမ်းဘေးဝဲယာရေမြောင်းတူးဖော်ခြင်း | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာအထက်ပိုင်းမြေသားလမ်းအား ကွန်ကရစ်ခင်းခြင်း (၂၈၅၀' ×၁၂' × ၆" ) နှင့် လမ်းဘေးဝဲယာရေမြောင်းတူးဖော်ခြင်း | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | အိမ်သာ(၁)လုံး ပြင်ဆင်ခြင်း၊ ဗီဒို(၂)လုံး၊ ပို့က်ဘုတ်(၁)ချပ် | |
| ၆ | စိုက်/မွေးမဟုတ်သော အခြား ဝင်ငွေရလုပ်ငန်းများ | အစိုးရ အသိအမှတ်မပြု (သက်မွေးပညာ) | အသက်မွေးဝမ်းကြောင်းသင်တန်းများပေးခြင်း (ကွန်ပျူတာ၊ လက်သမား၊ ပန်းရံ၊ စက်ချုပ်) | |
| ၇ | ငွေကြေး | ပေါင်နှံရောင်းချခြင်း | နှစ်ရှည်စိုက်ပျိုးရေးချေးငွေထုတ်ချေးခြင်း | |
| ၈ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့် ရွေးချယ်နည်း၊ အစာကျွေးနည်းစသည့် သင်တန်းများ ဆောင်ရွက်ခြင်း။ | |

နောက်ဆက်တွဲ (၁)

## စော်ဝကျေးရွာ၊ ရှင်မုတ္ထီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးငွေအောင် | - | ၆/ထဝန(နိုင်)၀၅၅၇၉၇ | | ဥက္ကဋ္ဌ | |
| ၂ | ဦးမြင့်ခိုင် | ဦးသန်းကြွယ် | ၇/ဖမန(နိုင်)၀၂၇၆၉၁ | ၄၁ | အတွင်းရေးမှူး | |
| ၃ | ဦးခင်ညို | - | ၆/ထဝန(နိုင်)၀၅၅၇၁၀ | | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးကြည်စိန် | - | ၆/ထဝန(နိုင်)၀၆၅၀၇၉ | | စာရင်းကိုင် | |
| ၅ | ဒေါ်ခင်မျိုးစု | ဦးလှထွန်း | ၆/ထဝန(နိုင်)၁၂၅၄၀၂ | ၂၀ | စာရင်းစစ် | |
| ၆ | ဦးလှထွန်း | ဦးပု | ၆/ထဝန(နိုင်)၀၆၅၀၆၄ | ၆၄ | အဖွဲ့ဝင် | |
| ၇ | ဦးသိန်းဇော် | ဦးပြေ | ၆/ထဝန(နိုင်)၀၆၉၀၄၆ | ၄၀ | အဖွဲ့ဝင် | |
| ၈ | ဒေါ်မူမူစိန် | ဦးမောင်သန်း | ၆/ထဝန(နိုင်)၀၅၅၈၈၉ | ၄၈ | အဖွဲ့ဝင် | |
| ၉ | ဦးညာဏ်ဝင်း | ဦးဘိုနီ | ၆/ထဝန(နိုင်)၀၆၂၃၆၄ | ၅၀ | အဖွဲ့ဝင် | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၈ | ၁၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၇ | ၄၃ | ၈၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၆ | ၂၅ | ၅၁ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၅ | ၄၇ | ၁၁၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၇၁ | ၄၅၂ | ၉၂၃ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၆၇ | ၉၂ | ၁၅၉ |
| စုစုပေါင်း | | ၆၇၆ | ၆၆၇ | ၁၃၄၃ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၄၆ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ စော်ဝကျေးရွာတွင် အိမ်ထောင်စု (၂၄၆) စုရှိပြီးလူဦးရေစုစုပေါင်း (၁၃၄၃) ဦးရှိပါသည်။ အသက် (၁၅ နှစ်အထက်မှ ၆၀ နှစ်အထိ) အလုပ်လုပ်နိုင်သည့်အရွယ် ( ၆၉%) ခန့်ရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့် အသက် (၆၀)နှစ်အထက် လူဦးရေ (၃၁%) ခန့်သည် မှီခိုသူများ ဖြစ်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၅.၄၆) ဦးရှိသဖြင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် (၅)ဦး နှုန်းထက်ပိုနေပါသည်။ ထို့အပြင် အလုပ်လုပ် နိုင်အောင် လူဦးရေများပြားမှုကြောင့် လုသားအရင်းအမြစ်ကောင်းများအပြင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင် ငွေရလုပ်ငန်းအဖြစ်လု ပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၄ | ၁၀၂ | ၁၄ | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၈ | ၂ | မြင့်☐လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၁၄ | ၁၈ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၁၄ | - | မြင့်☐လတ☐နိမ့်☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၁၅ | - | မြင့်☐လတ်☑နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၅ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၆ | ၄ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၈ | ၂၂ | - | မြင့်☐လတ်☑နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၁၂ | - | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀ | ၃၂ | ၄ | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၇ | ၃ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၄ | ၅ | မြင့်☐လတ်☐နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | ၃ | - | မြင့်☐လတ်☐နိမ့်☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၅၄ | ၁၄၀ | ၂၃၂ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့်☐လတ်☐နိမ့်☑ |
| | **စုစုပေါင်း** | ၂၄၆ | ၃၈၅ | ၂၈၂ | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင် လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ **စော်ဝကျေးရွာတွင် စိုက်ပျိုးရေး အဓိကလုပ်ကိုင်သည့် အိမ်ထောင်စု(၈၄)စု၊ မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စု(၁)စုနှင့် ရေလုပ်ငန်းတွင် အငှားလိုက်လုပ်ကိုင်သူများ၊ ဆန်စက်ပိုင်ရှင်၊ လက်သမား၊ ပန်းရံလုပ်သားများ၊ ကျွမ်းကျင်ပညာရှင်များ၊ လက်လီလက်ကား ရောင်းဝယ်သူများ၊ ပို့ဆောင်ရေးလုပ်ကိုင်သူများ၊ ဝန်ထမ်းများနှင့် ပြည်တွင်းပြည်ပရွှေ့ပြောင်း လုပ်ကိုင်သူများလည်းရှိပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | | ၅၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ | နေ့စား | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်  (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။ ။ စော်ဝကျေးရွာတွင် အများအားဖြင့် လယ်ယာလုပ်ငန်း၊ ပန်းရုံလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြသူများ ပေါ်များပါသည်။ ကျား-မလုပ်အားခနှိုင်းယှဉ်လျှင် (ကျား)လုပ်အားခက အနည်းငယ်ပိုများပါသည်။**

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၃၂၈** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | **၉၄** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ် မြေလပ်** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၄၂၂** | ☒ |

**ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး**

ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ စော်ဝကျေးရွာတွင် စပါးကို အဓိက စိုက်ပျိုးပြီး ဆည်ရေ မရရှိပါ။ မိုးရေဖြင့်သာ စိုက်ပျိုးကြသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ စော်ဝကျေးရွာတွင် ကာဗွန်၊ ရေနံကဲ့သို့သော ဓါတ်သတ္တုများ ထွက်ရှိမှုမရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုနည်းပါးပြီး လက်လှမ်းမီမှုခက်ခဲလာပါ သည်။ သဘာဝအပင်မျိုးစိတ်များ နွားစားဆေးဘက်ဝင်အပင်များလည်း ရရှိနိုင်မှု နည်းပါးလာ ပါသည်။ အခြားရင်းမြစ်အနေဖြင့် ကျေးရွာတွင် သဲ အနည်းငယ် ထွက်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | အသင့်အတင့် ကောင်း | ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် | များ | အသင့်အတင့် | နည်း | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၄ | ၁၃၉ | ၄၆ | ၄၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ စော်ဝကျေးရွာ၏ ခနဥစ္စာအရ အဆင်ပြေသော အိမ်ထောင်စုမှာ (၅.၇) ရာခိုင်နှုန်းသာရှိပြီး အလယ်အလတ်အဆင့်ရှိသော အိမ်ထောင်စုမှာ (၅၆.၅) ရာခိုင်နှုန်း ရှိပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများမှာ ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း၏ (၃၇.၈) ရာခိုင်နှုန်း အထိရှိပြီး မြေပိုင်ဆိုင်မှုမှာနည်းပြီး ဝင်ငွေ နည်းပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁ | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ___၁______<br>လုပ်အားခကြိုယူ = ________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၅ | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = _၅________<br>လုပ်အားခကြိုယူ = ________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့်

အိမ်ထောင်စု (၃) လ အောက် (၁)အိမ်၊ (၃) လနှင့် (၆) လ အောက် (၅) အိမ်ရှိပါသည်။ ဆွေမျိုး၊ ငွေတိုးချေးသူ၊ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်နှင့် အစိုးရစီမံကိန်းများထံ ချေးယူကြပါသည်။ အကြွေးပမာဏတင်ရှိမှု ၁၀၀၀၀/-နှင့် ၂၀၀၀၀/- ဝန်းကျင်ကြား ရှိပါသည်။ ချေးယူရခြင်းမှာ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဝင်ငွေရ အလုပ်အကိုင်များအတွက် ဖြစ်ပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၄ | ၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | ၁ | ၂ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၃ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စော်ဝကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ် ၆၀ နှစ်နှင့် အထက် ကျား(၁)ဦး၊ မ(၄)ဦးနှင့် မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် ကျား(၁)၊ မ(၁)ရှိပါသည်။ မိသားစုစောင့်ရှောက်မှု မရှိသူများကို ရွာသူ/သားများကလည်း ကြည့်ရှုစောင့်ရှောက်ပေးပြီး ပြင်ပအဖွဲ့အစည်းများကလည်း ထောက်ပံ့ပေးမှုများ ရှိပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စော်ဝကျေးရွာ၏ထိခိုက်မှုများရှိလာသောအခါ လယ်သမားများ၊ လယ်များတွင် အငှားလိုက်သူများသာ ပို၍ထိခိုက်မှုများပါးသည်။ လယ်မြေများတွင် ဆားငန်ရေဝင်ရောက်မှုများရှိပါသည်။ တခါတရံ မီးဘေးအန္တရာယ်များ ကြုံတွေ့ရပါသည်။ မီးဘေးကြုံတွေ့ရသောအခါ ဥယျာဉ်ခြံပိုင်ရှင်များသာ ထိခိုက်မှုများပါသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စော်ဝကျေးရွာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူများ၊ အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စုများ၊ လက်လုပ်လက်စား ကျပန်းများမှာ အလုပ်အကိုင်ရှားပါးသည့် အချိန်တွင် စားနပ်ရိက္ခာဖူလုံရန် ခက်ခဲခြင်းတို့ဖြင့် ရင်ဆိုင်နေကြရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဓမ္မစကြာအသင်း | ၁☐ ၂☐ ၃☑ | - | ၃၀ | ၃၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၂ | ရပ်မိ/ဖအဖွဲ့၊ ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃☑ | ၂၅ | - | ၂၅ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | မီးသတ် တပ်ဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၀ | - | ၁၀ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | နာရေး ကူညီမှု | ၁☐ ၂☑ ၃☐ | ၁၀ | ၂၀ | ၃၀ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | မိန်းမကြီး/ကာလသား/ သမီးအဖွဲ့ | ၁☐ ၂☑ ၃☐ | - | - | - | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၆ | ကျောင်းအကျိုးတော် ဆောင် | ၁☐ ၂☑ ၃☐ | ၁၀ | ၅ | ၁၅ | ပညာရေး ☑ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၇ | အမျိုးသမီး စွမ်းအားမြင့် | ၁☐ ၂☑ ၃☐ | - | ၅ | ၅ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ စော်ဝကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဂေါပကာအဖွဲ့၊ သာရေးနာရေး၊ အရန်မီးသတ်၊ အမျိုးသမီးရေးရာအဖွဲ့များသည် ကျေးရွာ၏ သာရေးနာရေး ကိစ္စရပ်များကို အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့သည် ရပ်ရွာအတွင်း ကူညီစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုအဖိုး၊ အဘွားများအား အစားအစာနှင့် ဆေးဝါးများ ထောက်ပံ့ပေးလေ့ရှိပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

